# ဆိုင်ကလုန်း မိုခါ (MOCHA) ကြောင့် ပြင်းထန်စွာ ထိခိုက်ခံစားနေကြရသည့် ရခိုင်ပြည်ရှိ ပြည်သူလူထုများနှင့် ပက်သက်ပြီး ရခိုင်အရပ်ဘက်အဖွဲ့အစည်းများမှ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် မေလ ၂၉ ရက်နေ့။

၁။ ၂၀၂၃ ခုနှစ် မေလ (၁၄)ရက် နေ့တွင် စစ်တွေမြို့အနီးကို ဗဟိုပြုပြီး ဖြတ်သန်း တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်း မုန်တိုင်း မိုခါ (MOCHA) သည် ၁၉၈၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်ထဲတွင် ဖြစ်ပွားခဲ့သည့် မုန်တိုင်းများထဲမှ Saffir-Sim-pson Hurricane Wind Scale (SSHWS) အဆင့်ငါးရှိသော တတိယမြောက် မုန်တိုင်းဖြစ်ပြီး၊ မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ်က တိုက်ခိုက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းနောက်ပိုင်း ထိခိုက်မှုအများဆုံးမုန်တိုင်းဖြစ်သည်ဟုသိရှိရသည်။

၂။ မိုခါ (MOCHA) မုန်တိုင်းကြောင့် ရခိုင်ပြည်ရှိ ပြည်သူ (၁)သန်းကျော် ထိခိုက်ခဲ့ပါသည်။ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပေါက်တော၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ မြို့နယ်များမှာ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ပြီး၊ အသက်အိုးအိမ် စည်းစိမ် များစွာတို့သည် ပြင်းထန်စွာဆုံးရှုံးခဲ့ရပါသည်။ ပြည်သူတို့၏ စားဝတ်နေရေးသည် များစွာ ဆင်းရဲကျပ်တည်း လျက်ရှိပြီး အခြေခံလို အပ်ချက်များဖြစ်သည့် အမိုးအကာ၊ သောက်သုံးရေနှင့် စားနပ် ရိက္ခာများ အရေးတကြီး လိုအပ်လျက်ရှိ နေသည်။ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးပါက နောက်ဆက်တွဲ အနေဖြင့် လူမှုရေးပြဿနာများ၊ ကျန်းမာရေး ချို့ယွင်းမှုများနှင့် ရောဂါကပ်ဘေးများ ကျရောက်လာနိုင်ခြေရှိသည်။

၃။ မိမိတို့အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မုန်းတိုင်းဝင်ရောက်တိုက်ခတ်ပြီးသည့် အချိန်မှစတင်ကာ ထိခိုက်ခံစားမှုများပြားသည့် ဒေသများ၌ တတ်အားသရွေ့ ပံပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုများ အနေဖြင့်လည်း မိမိတို့၏ အရေးပေါ်ကူညီ ကယ်ဆယ် ရေးလုပ်ငန်း စဉ်များတွင် တတ်စွမ်းသရွေ့ ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်းဖြင့်၊ ယခုလက်ရှိ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအကျပ်အတည်းများကို အတူတကွရင်ဆိုင် ကျော်လွှားကြရန် မေတ္တာရပ်ခံ တိုက်တွန်းပါသည်။ သို့သော်လည်း မြေပြင်လိုအပ်ချက် အခြေအနေများမှာ လွန်စွာများပြားပါသဖြင့်၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလအလှူရှင်များ၏ ပံပိုးကူညီမှုများသည်ဖူလုံမှုမရှိနိုင်ပါ။ ထို့ကြောင့် ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ထိရောက်စွာကူညီနိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

၄။ World Food Programme (WFP), International Committee of the Red Cross (ICRC) နှင့် အချို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ မုန်းတိုင်းဒဏ်သင့်ပြည်သူများအားပံ့ပိုးကူညီမှုအချို့ကို တွေ့မြင်နေရသော်လည်း မြေပြင်

သတင်းအချက်အလက်များအရ မုန်တိုင်းကျရောက်ပြီး လက်ရှိအချိန်အထိ အကူအညီလုံးဝမရရှိသေးသော နေရာဒေသ လွန်စွာများပြားနေကြောင်း တွေ့မြင်နေရသည်။

၅။ သို့ဖြစ်ပါ၍ ရခိုင်ပြည်အနှံ့မှ နိုင်ငံတကာ အရေးပေါ်အကူအညီပေးရေး အဖွဲ့အစည်းများ (အထူးသဖြင့် နိုင်ငံ တကာ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ) အနေဖြင့် ရခိုင်ပြည်သူများ လက်ရှိရင်ဆိုင်ကြုံ တွေ့နေကြရသော အရေးပေါ်လိုအပ်ချက်များကို အချိန်မဆိုင်းဘဲ အင်တိုက်အားတိုက် အမြန်ဆုံးကူညီထောက်ပံ့ ပေးကြပါရန် လေးလေး နက်နက် တိုက်တွန်းအပ်ပါသည်။

၆။ ကူညီဆောင်ရွက်ရာတွင်လည်း တစ်နေရာတည်းတွင် စုပြုံပံ့ပိုးကူညီခြင်းများကို ရှောင်ရှားနိုင်ရန်၊ လုပ်ငန်းအစီ အစဉ်များ၊ ဘတ်ဂျတ်လျာထားချက်များ၊ သွားရောက်ကူညီမည့်နေရာများနှင့် လက်တွဲလုပ်ဆောင်မည့် အဖွဲ့အစည်းများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး၊ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

၇။ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတကာ၏အကူအညီအထောက်အပံ့များကို အချိန်နှင့် တပြေးညီ အရေးတကြီးလိုအပ်နေသည့် အခြေအနေ၌ လုပ်ထုံးလုပ်နည်းများ (Donor Complaints)ကြောင့် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် အထူးဂရုပြု၍ အတတ်နိုင်ဆုံးဖြေလျှော့ပေးကြရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

၈။ မုန်းတိုင်းသင့် ဒေသများ၌ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ အရေးပါကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြသော်လည်း မြေပြင်သတင်းအချက်အလက်များအရ အကူအညီလိုအပ်နေသော ပြည်သူများထံသို့ အချိန်နှင့်တပြေးညီရောက်ရှိရန်နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိနေရသည်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာ ပိုင်များအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် အရပ်ဘက် အဖွဲ့အစည်းများ၏ကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ကန့်သတ်၊ ပိတ်ပင်မှုများ မပြုလုပ်ရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

၉။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရခိုင်ပြည်တစ်ခုလုံး ယခုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေသောကာလ၌ ကုန်ပစ္စည်းများအား ရောင်းချရာတွင် အဆမတန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းကို မပြုလုပ်ကြရန်နှင့်၊ သင့်တင့်မျှတသော ဈေးနှုန်းဖြင့်သာ ရောင်းချ ပေးကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

**ရခိုင်အရပ်ဘက် အဖွဲ့အစည်းများ**

**Arakan Civil Society Organizations**

**+959799770466| arakancsos@gmail.com**